**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**ကြေညာချက်အမှတ်၊ ၉ / ၂၀၂၀**

**၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက် )**

အကြောင်းအရာ။ **ရေးဖြေစာမေးပွဲများ ကျင်းပနိုင်ခြင်း မရှိသေးကြောင်း အသိပေးကြေညာခြင်း**

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြော်ငြာစာအမှတ်၊ ၃/၂၀၂၀ ပါ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း (၁၀)ခုရှိ လစ်လပ်ရာထူး (၁၉၅)နေရာအတွက် မူလကြေညာထားသည့် ရက်များအစား ပထမအဆင့် ပဏာမစစ်ဆေးခြင်း (Screening Test)နှင့် ဒုတိယအဆင့် ရေးဖြေစာမေးပွဲများ အသီးသီး ကျင်းပရန် ၁၄-၇-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၁၅-၇-၂၀၂၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာတို့တွင် ကြေညာချက်အမှတ်၊ ၇/၂၀၂၀ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ (COVID-19)ရောဂါ ပြည်တွင်းကူးစက်မှုဟု သုံးသပ်ရသော (COVID-19) ရောဂါကူးစက်ခံရသူများရှိနေသည့်အတွက် ကြေညာထားသည့် ရက်များတွင် စာမေးပွဲများ ကျင်းပနိုင်ခြင်း မရှိသေးပါကြောင်းနှင့် စာမေးပွဲကျင်းပနိုင်မည့် အခြေအနေပေါ်မူတည်၍ ပြောင်းလဲကျင်းပမည့် နေ့ရက်တို့ကို နိုင်ငံပိုင်သတင်းစာများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website ၊ Facebook Page နှင့် Myanmar National Web Portal တို့မှတဆင့် အချိန်မီ ထပ်မံထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။